M07/1/A1BUR/SP1/BUR/TZ0/XX

22070043

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Monday 14 May 2007 (morning)
Lundi 14 mai 2007 (matin)
Lunes14 de mayo de 2007 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.



© IBO 2007

*အောက်ပါတို့အနက်မှ တစ်ခုကို ဝေဖန်ပါ။*

**1.** (a)

“ဟော့လူ ကိုထွန်းအိမ်၊ ခင်ဗျား ဒီလိုရှောင်ပြေးလို့ လွတ်ရိုးလားဗျာ၊ ခင်ဗျား အခုရပ်လိုက်ပါ။”

ခြေငါးလှမ်းမျှ လှမ်းမိသည့်အချိန်တွင် သာဟန်၏အမိန့်ပေးသံကြောင့် လှမ်းမည့်ဟန်ပြင်နေသည့် ခြေလှမ်းများကို မြေတွင်ထောက်ရက် တန်းလန်းမှ ထွန်းအိမ်သည် တုံ့ခနဲရပ်ဆိုင်းသွားလေသည်။

“ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စမ်း ကိုထွန်းအိမ်။”

တုံ့ရပ်နေသော ထွန်းအိမ်၏နောက်သို့ သာဟန် ထက်ကြပ်မကွာ အပြေးလိုက်သွားကာ ကုပ်ပိုးနှစ်ဖက်စကို ခပ်ဖိဖိကိုင်၍ ဆွဲလှည့်လိုက်ရာ ထွန်းအိမ်၏ ကိုယ်ခန္ဓာကြီးမှာ ဝိညာဉ်မဲ့နေသော အသေကောင်ကြီးကဲ့သို့ ပေ့ါပါးငြိမ်သက်စွာပင် ချာခနဲ လည်၍ ပါလာလေသည်။

ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စမ်းပါဟူသည့် သာဟန်အမိန့်အတိုင်းပင် သာဟန်မျက်နှာပေါ်သို့ ထွန်းအိမ်မျက်လုံးကြီးများ တည့်တည့်မိမိကြီး ဆိုင်၍ ကြည့်နေသော်လည်း သူ့မျက်လုံးများက မြင်ဟန်မတူပေ။ ရီဝေမှိုင်းပျ၍သာ နေလေသည်။

“နှမပါးနမ်း မောင်ကျောချမ်းဆိုတဲ့ အစားထဲက မဟုတ်ဘူးဆိုတာ ခင်ဗျားသိပြီ မဟုတ်လား။ လူတောထဲမှာ ခင်ဗျားကြောက်လို့ မရှင်းရဲရင် ရှက်လို့ မရှင်းရဲရင် နှစ်ယောက်ချင်းတွေ့ပြီးတော့ကော ခင်ဗျားမရှင်းရဲဘူးလား ကိုထွန်းအိမ်။ ဒီမှာ ကျုပ်မေးနေတယ်ဗျ။”

ထွန်းအိမ်က ကျောက်ရုပ်တုကြီးကဲ့သို့သာ ခြေစုံရပ်၍နေလေသည်။ စကားပြန်ကား မပေးပေ။

“ကောင်းပြီ။ ဒီနေ့ညနေ လေးနာရီတိတိမှာ ရွာလယ်တံတားကြီးအောက်က ဝါးဖောင်ဆိပ်မှာ ကျုပ်ဆက်ဆက် စောင့်နေမယ်။ ခင်ဗျားလည်း အိမ်ပြန်ပြီး ဓားသွေးချေဦး။ ကျုပ်လည်း လေးနာရီထိုးတဲ့အထိ ကျုပ်နှမကို စော်ကားတဲ့ခွေး လည်ချောင်းသွေးဖောက်ရအောင် ဓားသွေးရဦးမယ်။ ခင်ဗျား သဘောတူရဲ့လား။”

“စိမ်လိုက်ကွာ၊ ခွေးလည်ချောင်းသွေးဖောက်ချင်တဲ့ မင်းဗိုက်ထဲက အူတွေကိုလည်း တံတားတိုင်ငုတ်မှာ အခွေလိုက်ချိတ်ရအောင် စိမ်လိုက်ကွာ၊ ငါသဘောမတူစရာ မရှိပါဘူး။”

တကယ့်တကယ်ဆိုလျှင် “စိမ်လိုက်ကွာ”ဆိုသောစကားလုံးမှာ ထွန်းအိမ်အတွက် အင်မတန်လွယ်ကူသော အပေါ်များဆုံး စကားလုံးတစ်လုံးသာဖြစ်၏။ အလကားနေရင်း အပျင်းဖြေသည့် သဘောဖြင့် လျှာအယားပြေအောင် အကြိမ်ပေါင်းများစွာပင် စိမ်လိုက်ကွာခဲ့ဖူးပေါင်းမှာ အသချေ်နှင့် အနန္တဖြစ်လေသည်။ သို့တစ်မည်လည်း ဤအခိုက်အတန့်အတွင်းတွင်မူ စိမ်လိုက်ကွာဟူသော စကားလုံးနှင့် မခံမရပ်နိုင်သော နောက်ဆက်တွဲချေပချက်များကို ပါးစပ်မှ မထွက်ရဲနိုင်ခဲ့ဘဲ သည်းခံသောနှလုံးဖြင့် သိုသိပ်အောင့်အည်း၍သာ ထားရလေသည်။

လှိုင်းလုံးဒီရေနီနီကြီးများ ပြေးဆောင့်တက်လာသကဲ့သို့ မျက်ထောင့်နီကြီးများ ပြေလျော့ကျသွားစေရန် အံကိုတင်းတင်းကြိတ်ကာ မျက်စိကို စုံမှိတ်၍သာ ထားရလေသည်။

“ဒီမှာကိုထွန်းအိမ် ခင်ဗျားသူရဲဘောနည်းလို့ မလာရဲပေမဲ့ ကျုပ်ကတော့ ကျုပ်ချိန်းထားတဲ့နေရာမှာ ခင်ဗျားမလာမချင်း စောင့်နေရမှာပဲ။ ခင်ဗျား ကျုပ်နဲ့ နှစ်ယောက်ချင်း မဆိုင်ရဲဘူးလားဟင်။ ခင်ဗျား သူရဲဘောနည်းသလား။”

ထွန်းအိမ်သည် တခွန်းတပါဒမျှ ပြန်လည်ချေပပြောဆိုခြင်း မပြုတော့ဘဲ မသယ်ချင့်သယ်ချင် ခြေလှမ်းလေးလေးကြီးများဖြင့် သာဟန်နှင့်တကွ လူအုပ်ကြီးထံမှ ဖယ်ကြဉ်ရှောင်တိမ်းခဲ့လေသည်။

မိမိအား သူရဲဘောကြောင်သူအဖြစ်ဖြင့် အထင်သေးသောမျက်လုံးများနှင့် ဝိုင်းကြည့်ရှုကျန်ရစ်ခဲ့သော ပရိသတ်ကြီးအား နောက်ဆုံးမြင်လိုက်ရသည့်တစ်ခဏတွင် ထွန်းအိမ်သည် သူရူးကြီးတစ်ယောက်ကဲ့သို့ ဦးနှောက်တစ်ခုလုံး ချာချာလည်ကာ လှမ်းမိလှမ်းရာသို့ ခြေဦးလှည့်ခဲ့လေသည်။

အမှန်စင်စစ်တွင်ကား ထွန်းအိမ်သည် ထွက်ပြေးသူ၊ သူရဲဘောနည်းသူ၊ အရှုံးပေးဒူးထောက်သူသာ ဖြစ်ခဲ့လေပြီတကား။

“ခင်ဗျား သူရဲဘောနည်းသလား။ ခင်ဗျား သူရဲဘောနည်းသလား။ ခင်ဗျား သူရဲဘောနည်းသလား။”

ရာထောင်ပေါင်းများစွာသော ဤအသံများမှာ သူ့နောက်မှ ပဲ့တင်ထပ်၍ အပြေးလိုက်လာသဖြင့် အုတ်ခဲကျိုးလမ်းမကြီး တစ်လျှောက်ပေါ်တွင် ဒယီးဒယိုင် လှမ်း၍သာ လျှောက်ခဲ့မိလေသည်။

(ဒေါင်းနွယ်ဆွေ၊ တစ်ကျွန်းပြန်ထွန်းအိမ်၊ ၂၀ ရာစုမြန်မာဝတ္ထုတို ၁၀၀ စာရေးဆရာ ၁၀၀၊ စာမျက်နှာ ၃၃၄–၃၃၆၊ မေလ၊ ၂၀၀၅ ခုနှစ်)

– သာဟန်၏ စိတ်အခြေအနေကို စာရေးဆရာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– ထွန်းအိမ်က သာဟန်အပေါ် တုံ့ပြန်ပုံကို စာရေးဆရာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– စာရေးဆရာ၏ ပုံရိပ်များ အသုံးပြုပုံနှင့် ထိရောက်ပုံတို့ကို ဆွေးနွေးပါ။

– ဤစာပိုဒ်တွင် စာရေးဆရာက "ဝိဉာဉ်မဲ့နေသောအသေကောင်ကြီးကဲ့သို့"နှင့် "ကျောက်ရုပ်တုကြီးကဲ့သို့"အပါအဝင် ဥပမာ အလင်္ကာများကို အသုံးပြုထားပုံနှင့် ထိရောက်ပုံတို့ကို ဝေဖန်ပါ။

**1.** (b)

**အရူးတစ်ယောက်နှင့် တွေ့ဆုံခြင်း**

အထူးအဆန်း တစ်နေ့မှာ
အရူးအနှမ်းနဲ့ တွေ့ခဲ့တယ်။

ပြီးတော့လေ
ဘာတွေပြောမှန်းလည်း မသိ
အဲဒီအရူးက . . . . . ။

မသစ်ပေမယ့်
အစစ်တွေကို လေးစားတယ် . . . .တဲ့။

သွားဖြီးပြူးတာကို
အားကြီးမုန်းတယ် . . . တဲ့။

ဓားဝှက်ကာ
ဓါးဖက်လာမှာကို ကြောက်တယ် . . . တဲ့။

အလှအပတွေကို
ခဏခဏ သွားရည်ယိုသူတွေကို စာနာတယ် . . . တဲ့။

ဖက်ပြီးမလုံးတဲ့
လက်သီးပုန်းတွေကို ရွံမုန်းတယ် . . . တဲ့။

ရွှေရည်မစိမ်တဲ့
ငွေချည်တိမ်တွေကို မြတ်နိုးတယ် . . . တဲ့။

ကဲ . . . . . . . .
အဲဒါသာကြည့်တွဲ့
ဘယ့်နှယ့် အရူးပါလိမ့်နော်။ ။

(ပိုးဟပ်ဖြူ၊ အရူးတစ်ယောက်နှင့်တွေ့ဆုံခြင်း၊ မတ်လ၊ ၂၀၀၂ ခုနှစ်)

– ကဗျာဆရာက ‘‘သွားဖြီးပြူး’’၊ ‘‘ဓါးဝှက်’’အပါအဝင်ပုံရိပ်များကို အသုံးပြုပုံနှင့် ထိရောက်ပုံကို ဆွေးနွေးပါ။

– စာဆိုပြောလိုသည်ကို တိုက်ရိုက်မပြောဘဲ အရူးတယောက်၏ ပြောဆိုမှုကို ပြန်ပြောသကဲ့သို့ ‘‘တဲ့’’ သုံး၍ရေးဟန်ကို ဆွေးနွေးပါ။

– ဤကဗျာ၏အကြောင်းအရာအပေါ် သင်၏တုံ့ပြန်မှုကို ရေးသားဆွေးနွေးပါ။